Message Six

# အသက်၏အမှုတော်အတွက် အသက်ပင်ဖြစ်သော ခရစ်တော်၏ ပုံတူမှုပွားဖြစ်လာခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊၁း၄။ ၁၂း၂၄။ ၁၅း၁၊ ၄-၅။ ၁ယော၊၅း၁၆။ ၂ကော၊၄း၁၂

**I. ဘုရားသခင်၏စီမံကိန်း၌ ကျွန်ုပ်တို့သည် အသက်ပင်ကို စားသုံးသူများဖြစ်ရုံသာမက၊ ဤအပင်၏ အကိုင်းအခက်များလည်း ဖြစ်ကြကာ၊ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် အသက်ပင်ငယ်တည်းဟူသော အသက်ပင်ဖြစ်သည့်ခရစ်တော်၏ ပုံတူမှုပွားဖြစ် လာကြမည်ဖြစ်သည် - ၁ပေ၊၂း၂၁။ ယော၊၁း၄။ ၁၂း၂၄။၁၅း၁၊ ၄-၅။**

A. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ခရစ်တော်၌ ယုံကြည်သူများအားလုံးသည် ဘုရား-လူ ခရစ်တော်၏ ပုံတူမှုပွားဖြစ်လာကြရန် ဖြစ်သည် - ၁၂း၂၄။ ရော၊၈း၂၉။

1. ခရစ်တော်၏ပုံတူမှုပွားဖြစ်လာရန်အတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ချုံမက်တစ်ခရစ်တော်၏ ပြန်လည်မွေးဖွားခြင်းခံ၍၊ ကျွန်ုပ်တို့၏စိတ်၌ ချုံမက်တစ်ခရစ်တော်အားဖြင့် တဖြည်းဖြည်း ပုံသဏ္ဌာန်ပြောင်းလဲခြင်းကို လိုအပ်နေသည် - ယော၊၃း၆။ ၂ကော၊၃း၁၈။

2. ကျွန်ုပ်တို့သည် ခရစ်တော်၏ပုံတူမှုပွားဖြစ်လာခြင်းမှာ ဘုရားဆိုင်ရာအသက်၏ ကြွယ်ဝခြင်းများကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးခြင်းနှင့် ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်း ပါဝင်သည့် ဖြစ်စဉ်အားဖြင့် ဖြစ်သည် - ဧ၊၃း၈။ ကော၊၃း၄၊ ၁၀-၁၁။

3. ကျွန်ုပ်တို့၏စံပုံစံဖြစ်သော ခရစ်တော်၏ပုံတူမှုပွားဖြစ်လာရန်အလို့ငှာ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၌ အသက်ရှင်နေသောအရှင်၊ ကျွန်ုပ်တို့၌ ပုံပေါ်လာသောအရှင်၊ ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ အိမ်ဆောက်နေထိုင်သော အရှင်အဖြစ် တွေ့ကြုံခံစားရန် လိုအပ်သည် - ဂလ၊၂း၂၀။ ၄း၁၉။ ဧ၊၃း၁၆-၁၇က။

4. ကျွန်ုပ်တို့သည် ခရစ်တော်၏ ပုံတူမှုပွားဖြစ်လာသည်နှင့်အမျှ အလိုအလျောက်ပင် ကိုယ်တော်၏ဝိညာဉ်တော် ကြွယ်ဝ ရက်ရောစွာ မစခြင်းအားဖြင့် ခရစ်တော်ကို ကျွန်ုပ်တို့ အသက်ရှင်ကြလိမ့်မည်ဖြစ်သည် - ဖိ၊၁း၁၉၊ ၂၁။

B. ကမ္ဘာဦး ၂း၉ ရှိ အသက်ပင်သည် တုနှိုင်းရာမဲ့ဖြစ်သည်၊ သို့သော် အသက်ပင်သည် ကျွန်ုပ်တို့အထဲသို့ စိုက်ပျိုးထားပြီးဖြစ်ကာ၊ ကျွန်ုပ်တို့၌ ကြီးထွားနေပြီး၊ ကျွန်ုပ်တို့ကို အသက်ပင်ငယ် ဖြစ်လာစေပြီဖြစ်သည်။

**II. အသက်ပင်ဖြစ်သော ခရစ်တော်၏ ပုံတူမှုပွားအဖြစ် ကျွန်ုပ်တို့၌ အသက်၏အမှုတော် ရှိသည် - ၁ယော၊၅း၁၆။ ၂ကော၊၄း၁၂။**

A. ကျွန်ုပ်တို့သည် ခရစ်တော်၌ ယုံကြည်သူများနှင့် ဘုရားသခင်၏သားသမီးများဖြစ်ကြသောကြောင့် ကျွန်ုပ်တို့၌ ထာဝရ အသက်ရှိပြီး၊ ထာဝရအသက်ကို တွေ့ကြုံခံစားခြင်း ရှိကြရုံသာမက၊ ဤအသက်ကို ခရစ်တော်ကိုယ်ခန္ဓာတော်၏ အခြား အင်္ဂါဝင်များထံသို့ အမှုဆောင်ပေးခြင်းလည်း ပြုနိုင်ကြသည် - ၁ယော၊၅း၁၁-၁၆။

B. အသက်ကို အမှုဆောင်ခြင်းမှာ အသက်ကို ဝေငှဖြန့်ဖြူးရန် ဖြစ်သည်။ ကျွန်ုပ်တို့၌ အသက်၏ပိုလျှံမှု ရှိသောအခါ၊ ဤမစမှုမှ အခြားသူများထံသို့ ကျွန်ုပ်တို့ အမှုဆောင်နိုင်ကြသည် - ၁း၁-၂။ ၂း၂၅။ ၅း၁၁-၁၃၊ ၁၆။

C. အသင်းတော်၌ အစေခံခြင်းသည် အသက်ကို အမှုဆောင်နေသော အစေခံခြင်း - အခြားသူများကို ဘုရားဆိုင်ရာအသက် ဖြင့် မစပေးနေသော အစေခံခြင်း ဖြစ်သည် - ၂ကော၊၄း၁၂။

1. ကျွန်ုပ်တို့သည် ဤအချက်ဖြင့် စွဲမှတ်ခြင်းခံကာ၊ ကျွန်ုပ်တို့၏အစေခံခြင်းသည် ကိုယ်တော်၏အသက်အတွက် ထွက် ပေါက်ဖြစ်လာမည့်အကြောင်း သခင်ဘုရားထံ မျှော်ကြည့်ရန် လိုအပ်သည် - ယော၊၁း၂၅။ ၁ယော၊၁း၂။

2. အခြားသူများထံ ကျွန်ုပ်တို့မစပေးသော အသက်သည် ဝိညာဉ်တော်၌ ဖြစ်ပြီး၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ် နှင့်အတူ ရောနှောပေါင်းစည်း၍၊ ဘုရားသခင်၏အသက်သည် ရောနှောပေါင်းစည်းထားသော ဝိညာဉ်၌ တည်ရှိခြင်း၊ ကိန်းဝပ်ခြင်းနှင့် ကြီးထွားခြင်း ရှိနေသည် - ၁ကော၊၁၅း၄၅ခ။ ၆း၁၇။ ရော၊၈း၄။

   a. ကျွန်ုပ်တို့သည် သန့်ရှင်းသူများကို အသက်ဖြင့် မစပေးလိုလျှင် ကျွန်ုပ်တို့၏ဝိညာဉ်ကို လွတ်မြောက်စေရမည်၊ အကြောင်းမှာ ဘုရားဆိုင်ရာအသက်သည် ကျွန်ုပ်တို့၏ ရောနှောပေါင်းစည်းထားသော ဝိညာဉ်၌ရှိသောကြောင့် ဖြစ်သည် - ၇း၆။ ၁း၉။
   b. ကျွန်ုပ်တို့၏ဝိညာဉ်သည် လွတ်မြောက်နိုင်ခြင်းမရှိလျှင် ဘုရားဆိုင်ရာအသက်သည် လွတ်မြောက်လာရန် နည်းလမ်း ရှိမည်မဟုတ်ပါ - ၈း၁၀။

D. ကျွန်ုပ်တို့သည် အသက်ပင်ဖြစ်သော ခရစ်တော်၏ ပုံတူမူပွားအဖြစ် အသက်ရှင်လိုလျှင်၊ ကျွန်ုပ်တို့သည် အသက်ကို အမှုဆောင်ရန် တတ်စွမ်းစေသည့် မရှိမဖြစ်လိုအပ်ချက်များကို နက်ရှိုင်းစွာ စွဲမှတ်နေရန် လိုအပ်သည် - ၁ယော၊၅း၁၁-၁၆။
   1. ဘုရားသခင်က ကျွန်ုပ်တို့ထံမှ အလိုရှိသော အစေခံခြင်းမှာ အလုပ်ကို ဗဟိုပြုခြင်းမဟုတ်ဘဲ၊ အသက်ကို အမှုဆောင်ခြင်းအပေါ် ဗဟိုပြုခြင်းဖြစ်သည် - အငယ်၊၁၆။
   2. အခြားသူများထံ အသက်ကို အမှုဆောင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ခရစ်တော်ထံ ပေါင်းစည်းဆက်နွှယ်ရမည်၊ ခရစ်တော်၌ တည်နေရမည်၊ ကျွန်ုပ်တို့၌ ဖြည့်ပေးရန် ကိုယ်တော်ကို အခြေပြုနေရာပေးရမည်၊ သို့မှသာ ကိုယ်တော်၏ အသက်၊ သဘောသဘာဝ၊ နှစ်သက်မှုများ၊ လိုလားဆန္ဒတို့သည် ကျွန်ုပ်တို့၏ အသက်၊ သဘောသဘာဝ၊ နှစ်သက်မှုများ၊ လိုလားဆန္ဒ ဖြစ်လာနိုင်မည်ဖြစ်သည် - ၂း၂၇။ ဧ၊၃း၁၆-၁၇။

E. အသက်ကို အမှုဆောင်ခြင်းသည် အသက်၏လျှံထွက်စီးဆင်းမှု ရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အစေခံခြင်းသည် အခြားသူများကို ဘုရားဆိုင်ရာအသက်ဖြင့် မစပေးရန် ဘုရားသခင်၏စီးထွက်ခြင်း ဖြစ်သည် - ယော၊၁၉း၃၄။၇း၃၇-၃၉။
   1. အသက်သည် ဘုရားသခင်၏ပါဝင်ရာနှင့် ဘုရားသခင်၏စီးထွက်ခြင်း ဖြစ်သည်။ ဘုရားသခင်၏ပါဝင်ရာသည် ဘုရားသခင်၏ဖြစ်ခြင်း ဖြစ်ပြီး၊ ဘုရားသခင်၏စီးထွက်ခြင်းမှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ထံသို့ အသက်အဖြစ် ဝေငှဖြန့်ဖြူးခြင်း ဖြစ်သည် - ဧ၊၄း၁၈။ ဗျာ၊၂၂း၁။
   2. အသက်သည် ကျွန်ုပ်တို့၏ဝိညာဉ်မှ လွတ်မြောက်လာခြင်းရှိရန်အလို့ငှာ ကျွန်ုပ်တို့၏အပြင်လူသည် ဆက်ဆံဖြေရှင်းခြင်းနှင့် ချိုးဖဲ့ခြင်း ခံရမည်ဖြစ်သည် - ၂ကော၊၄း၁၆။ ဟေဗြဲ၊၄း၁၂။
      a. ကျွန်ုပ်တို့၏အပြင်လူသည် ကျိုးပဲ့ခြင်းမရှိလျှင်၊ ဘုရားဆိုင်ရာအသက်၏ စင်ကြယ်သော စီးထွက်ခြင်း ရှိနိုင်မည်မဟုတ်ပါ - ယော၊၇း၃၈။
      b. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်ကို ကျွန်ုပ်တို့အတွင်းမှ လွတ်မြောက်ခြင်း ရှိစေလိုလျှင် ကျွန်ုပ်တို့၏စိတ်၌ သိမ်းပိုက်လွှမ်းမိုးခြင်းခံရန်နှင့် ကျွန်ုပ်တို့၏ဝိညာဉ်အား အကြောင်းကိစ္စတိုင်း၌ အစိုးရခြင်းနှင့် အုပ်စိုးခြင်း ရှိစေရမည်ဖြစ်သည်။ ထိုအခါ သခင်ဘုရား၏အသက်သည် စီးထွက်လာရန် တတ်စွမ်းနိုင်မည်ဖြစ်သည် - ဧ၊၃း၁၆-၁၇။
   3. အသက်၏စီးထွက်ခြင်းရှိရန် ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသက်လွတ်မြောက်စေသော အသေခံခြင်း၌ ခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝဖြစ်ရန် လိုအပ်သည်။ ဤသည်မှာ ရိုက်ခြင်းခံရသော ကျောက်အားဖြင့် ပုံဆောင်ထားသည့် ရိုက်ခြင်းခံရသော ခရစ်တော်နှင့် ထပ်တူညီခြင်းရှိရန် ဖြစ်သည် - ယော၊၁၉း၃၄။ ထွ၊၁၇း၆။
      a. ကျွန်ုပ်တို့သည် ရိုက်ခြင်းခံရသော ကျောက်ဖြစ်သည့် ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်သောအခါ ဘုရားဆိုင်ရာ အသက်သည် အသက်ရှင်သောရေအဖြစ် ကျွန်ုပ်တို့မှ စီးထွက်လာမည်ဖြစ်သည် - အငယ်၊၆။ ယော၊၇း၃၈။
      b. ကျွန်ုပ်တို့၏လူသားအသက်၊ ကျွန်ုပ်တို့၏ဇာတိအသက်သည် ရိုက်ခြင်းခံရမည်၊ သို့မှသာ အသက်ရှင်သောရေသည် ကျွန်ုပ်တို့အတွင်းမှ စီးထွက်ခြင်းရှိနိုင်မည်ဖြစ်သည် - ၂ကော၊၄း၁၀-၁၁၊ ၁၆။
      c. ကျွန်ုပ်တို့သည် ရိုက်ခြင်းခံရသော ခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝဖြစ်မည်ဆိုလျှင် ကျွန်ုပ်တို့၏ဇာတိဆိုင်ရာ အသက်၏ ကားတိုင်တင်အသေခံခြင်းအား တွေ့ကြုံခံစားရမည်ဖြစ်ပြီး၊ ထိုနောက် ခရစ်တော်၏ ဘုရားဆိုင်ရာ အသက်မှာ ကိုယ်တော်၏ လူသားအသက်ကို ရိုက်ခြင်းခံခြင်းမှတစ်ဆင့် အသက်ရှင်သောရေအဖြစ် စီးထွက်လာသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏ဇာတိအသက်ကို ရိုက်ခြင်းခံခြင်းမှတစ်ဆင့် အသက်ရေ၏စီးဆင်းမှုကို တွေ့ကြုံခံစားကြလိမ့်မည်ဖြစ်သည် - အငယ်၊၁၀-၁၂။

F. ကျွန်ုပ်တို့သည် အသက်ကို အခြားသူများထံသို့ အမှုဆောင်လိုသည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် မရဏာနိုင်ငံ၏တံခါးများတည်းဟူသော သေခြင်းအားဖြင့် အသင်းတော်အပေါ် တိုက်ခိုက်ခြင်းအား သတိပြုစောင့်ကြည့်နေရန် လိုအပ်သည် - မ၊၁၆း၁၈။ ရော၊၅း၁၇။

1. ဘုရားသခင်၏အရာများကို အသက်အားဖြင့် သရုပ်ဖော်ပြထားပြီး၊ စာတန်၏အရာများကို သေခြင်းအားဖြင့် ဖော်ပြထားသည်။ အသင်းတော်၌ ဘုရားသခင်ထံမှ ထွက်ပေါ်လာသည့်အရာမှန်သမျှသည် အသက်ဖြစ်ပြီး၊ စာတန်ထံမှ ထွက်ပေါ်လာသည့်အရာမှန်သမျှသည် သေခြင်းဖြစ်သည် - ယော၊၁၁း၂၅။ ဟေဗြဲ၊၂း၁၄။
2. အသင်းတော်နှင့်စပ်လျဉ်း၍ စာတန် အကြောက်ရွံ့ဆုံးသောအရာမှာ သူ၏သေခြင်းတန်ခိုးကို ခုခံတွန်းလှန်ခြင်းပင် ဖြစ်သည် - ၂တိ၊၁း၁၀။
3. ကျွန်ုပ်တို့အတွင်းရှိ ထာဝရအသက်သည် ကျွန်ုပ်တို့ကိုယ်တိုင်၌လည်းကောင်း၊ အသင်းတော်၏ အခြားသောအင်္ဂါဝင်များ၌သော်လည်းကောင်း သေခြင်းကို အောင်မြင်နိုင်သည် - ၁ယော၊၅း၁၁-၁၃၊ ၁၆။
4. အသက်ပင်ဖြစ်သော ခရစ်တော်၏ ပုံတူမူပွားအဖြစ် ကျွန်ုပ်တို့သည် ထာဝရအသက်ကို တွေ့ကြုံခံစားကာ၊ ဤအသက်ကို ထာဝရအသက်စီးဆင်းနိုင်သော လမ်းကြောင်း ဖြစ်ခြင်းအားဖြင့် အခြားသူများထံသို့ အမှုဆောင်ပေးရန် လိုအပ်သည် - ယော၊၇း၃၇-၃၉။ ဖိ၊၁း၂၄-၂၅။

© *2022 Living Stream Ministry*